The Chin Affairs Provisional Council (Allowances) (Amendment) Act 1951.
(Act No XXXVIII of 1951)

# ၁၉၅၁ ခုနှစ်၊ ချင်းရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၈။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ချင်းရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် ''အဆိုပါအက်ဥပဒေ''ဟုရည်ညွှန်းသည့် ၁၉၄၉ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၄) ၏ပုဒ်မ ၃၊ ဒုတိယ ခြွင်းချက်နောက်တွင်၊ အောက်ပါကို ပုဒ်မ ၃-က အဖြစ်ထည့်သွင်းရမည်။

''၃-က။ ။ချင်းရေးရာ ယာယီကောင်စီသဘာပတိသည်၊ ပြည်သူ့အကျိုးအတွက်သော်၎င်း၊ ပြည်ထောင်စုအစိုးရကိစ္စနှင့်သော်၎င်း၊ ချင်းရေးရာဝန်ကြီး၏ညွှန်ကြားချက်အရ နယ်လှည့်ခရီးထွက်ရသည့်အခါ၊ နေ့တွက်စရိတ်ကိုဖြစ်စေ၊ ချပ်နားစရိတ်ကိုဖြစ်စေ၊ ခရီးစရိတ်ကိုဖြစ်စေ၊ မြန်မာနိုင်ငံတော်ခရီးစရိတ်နည်းဥပဒေများအရ ရယူခွင့်ရှိရမည်။''

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၄ တွင် ''ခြောက်လ''ဆိုသည့်စကားရပ်များအစား ''တနှစ်'' ဆိုသည့်စကားရပ်များကိုထည့်သွင်းရမည်။

G.U B.C.P.O.—No. 33, Min. of J.A., 21-11-51—2,100—11.
Price,—One anna.]